# အသံမထွက်ဘဲ ခြောက်ခြားနိုင်စွမ်း၊ မမြင်ရဘဲ အရှိုက်ထိ ထိုးနှက်နိုင်စွမ်း

ဒီဇင်ဘာ ၁၀ ရက် မြန်မာ့အကြမ်းမဖက်လှုပ်ရှားမှု

## ဖြစ်ရပ်အချက်အလက်

ဒီနေ့ ဒီဇင်ဘာ ၁၀ ရက်မှာ မြန်မာပြည်တဝှမ်း အသံတိတ် သပိတ်မှောက်ကြပါတယ်။ မြေပြင်မှတ်တမ်းဓာတ်ပုံတွေအရ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှု အားကောင်းတာ၊ လှုပ်ရှားမှုအောင်မြင်တာ တွေ့ရပါတယ်။ လှုပ်ရှားမှုရဲ့ ကြွေးကြော်သံက 'ဆိတ်သုဉ်းနေတဲ့ လူ့အခွင့်အရေး တော်လှန်ရေးနဲ့ သိမ်းပိုက်ကြ' ဆိုတာပဲဖြစ်ပါတယ်။



ရန်ကုန်မြို့လယ် လူစည်ကားရာ မဟာဗန္ဓုလပန်းခြံနှင့် ဆူးလေဘုရားတဝိုက်အား ဒီဇင်ဘာ ၁၀ ရက်တွင် တွေ့ရစဉ်။
(ဓာတ်ပုံ- Reuters)

**ISP's OnPoint**

ယခုဖော်ပြသည့် ISP's OnPoint ကဏ္ဍတွင် လတ်တလော ဖြစ်ပေါ်နေသော ထူးခြားအရေးပါသည့် ဖြစ်ရပ်များနှင့် ပတ်သက်၍ ဆီလျော်မည့် ကနဦး သုံးသပ်ချက်များကို ကျစ်ကျစ်လျစ်လျစ် ပိုင်းခြားရေးသားပြီး ဖြစ်တန်ခြေများအား ISP-Myanmar က အကဲဖြတ် ဖော်ပြသွားပါမည်။

## ကနဦးသုံးသပ်ချက်

အသံတိတ်သပိတ်ရဲ့ အောင်မြင်မှုက စစ်အာဏာသိမ်းမှုကို ဆန့်ကျင်တဲ့ ပြည်သူများရဲ့ သန္နိဋ္ဌာန်နဲ့ ပစ်တိုင်းထောင်လို အလဲအဖြို မခံ ကြံ့ကြံ့ခိုင် ပြန်ရုန်းထနိုင်စွမ်းကို ပေါ်လွင်စေပါတယ်။ ဒီလှုပ်ရှားမှုမှာ ပြည်သူ့ပါဝင်မှု အရေအတွက်သာမက အရည်အသွေး အရလည်း မြင့်မားပါတယ်။

အခိက အရည်အသွေးတရပ်ကတော့ မြန်မာပြည်သူတွေဟာ စစ်တပ်ရဲ့ အာဏာကိုင်စွဲအုပ်ချုပ်ပိုင်ခွင့် legitimacy ကို လက်မခံဘူးဆိုတဲ့အပေါ် ပြသလိုစိတ် ပြင်းပြနေခြင်းပါပဲ။ မြန်မာ့သမိုင်းအစဉ်အဆက်တလျှောက် မင်းဆိုးမင်းညစ်တွေ၊ အာဏာရှင်တွေဟာ လူများစု လူထုချစ်ခင်နှစ်သက်မှု မရတာတောင် သူတို့နဲ့မကင်းနိုင်တဲ့ ဆရာ-ဒကာဆက်ဆံရေးထဲက ဘာသာရေးခေါင်းဆောင်တွေ၊ စီးပွားရေးသမားတွေ၊ စာရေးဆရာ၊ စာနယ်ဇင်းသမား၊ အဆိုတော်၊ သရုပ်ဆောင် စသဖြင့် ဖျော်ဖြေရေးလုပ်ငန်းနဲ့ အသက်မွေးရတဲ့ ကျော်ကြားသူတွေထဲက အားလုံးမဟုတ်တောင် လုံလောက်တဲ့ အရေအတွက်လောက် ထောက်ခံမှု၊ ပူးပေါင်းမှုကို ရတတ်ကြစမြဲပါပဲ။ ဒါကြောင့် မင်းဆိုးမင်းညစ်တွေ အာဏာတည်မြဲဖို့ လူထု လူများစုကြီးဆိုတဲ့ အပြင်စည်း ထောက်ခံမှုမလိုဘဲ အတွင်းစည်း အခွင့်ရေးသမားတွေ ထောက်ခံပူးပေါင်းရင် အောင်မြင်သွားလေ့ရှိပါတယ်။

အခုလို အာဏာသိမ်းတာ ၁၀ လကြာတဲ့အထိတိုင် မချစ်သော်လည်းအောင့်ကာနမ်း မလုပ်နိုင်၊ မလုပ်ရဲတော့တာ၊ လုပ်မိရင်လည်း လူထုတံတွေးခွက်မျောလို့ အများစုက နှောင်ကြဉ်နောက်ဆုတ် ပြန်ဖယ်ခွာသွားကြတာဟာ သမိုင်းမှာ မကြုံစဖူးလို့ ဆိုနိုင်ပါတယ်။

အခြားတဖက်မှာလည်း မြန်မာ့နွေဦးတော်လှန်ရေးဟာ အကြမ်းမဖက်ကနေ အကြမ်းဖက် လက်နက်ကိုင် တော်လှန်ရေးကို ပြောင်းသွားပြီဆိုတာထက် ပုံစံမျိုးစုံနဲ့ ဆက်ပြီး ပေါင်းစပ်တိုက်ပွဲဝင်နေတယ်ဆိုတဲ့ ပုံရိပ်ကို ပိုပေါ်လွင်စေတာမို့ လှုပ်ရှားမှုအတွက် ကြီးစွာသောအကျိုးရှိစေပါတယ်။ ဒီလိုအသံတိတ်သပိတ်မျိုးဟာ ပြည်သူလူထုပူးပေါင်းပါဝင်မှု ပိုရစေပါတယ်။ လူထုက တိုက်ပွဲအပေါ် ယုံကြည်မှုပိုတိုးစေပါတယ်။ သေကြေပျက်စီးထိခိုက်မှု အနည်းဆုံးဖြစ်အောင်၊ စွန့်စားရမှု အနည်းဆုံးဖြစ်အောင် ကြံဆောင်ပေးနိုင်တဲ့ နည်းနာမျိုးဖြစ်ပါတယ်။ လက်နက်ကိုင်တိုက်ပွဲလို သတင်းအချက်အလက် လျှို့ဝှက်စရာမလိုလို့ ခြေရင်းအိမ်၊ ခေါင်းရင်းအိမ် တရပ်တည်းသားတွေလည်း ပါတယ်။ တရုံးတည်း ဝန်ထမ်းတွေလည်းပါတယ်။ အားလုံးတလေ့တည်းစီးမယ်ဆိုတာ ကြိုသိထားလို့ ငါလည်းပါမယ်ဆိုတဲ့ ပါဝင်ဖို့စိတ်ကို ပိုမြင့်မားစေပါတယ်။ ငါဟာ တရားတဲ့ဘက်ကနေ ငါစွမ်းနိုင်တဲ့နည်းနဲ့ ပါနေသေးတယ်ဆိုတဲ့ ခံစားချက်ကြောင့် တာဝန်ကျေသလို ကျေနပ်မှုကို ရစေပါတယ်။ အုပ်စိုးသူအတွင်းက လက်ရှိအခြေအနေအပေါ် စိတ်ပျက်နေသူတွေကိုလည်း ဘက်ပြောင်းဖို့၊ အနည်းဆုံး စာနာထောက်ထားမှု တိုးလာစေဖို့ အလားအလာ ပိုကောင်းပါတယ်။ နိုင်ငံတကာ စောင့်ကြည့်ထောက်ခံမှုလည်း ပိုရနိုင်ပါတယ်။

ISP-Myanmar က ၂၀၂၁ ခုနှစ် မတ် ၅ ရက်မှာ တင်ဆက်ခဲ့တဲ့ **အလေးထားရမယ့် အကြောင်းအချက်များ အမှတ်-၁** မှာ ဖော်ပြခဲ့သလိုပဲ

(၁) လူထုလှုပ်ရှားမှုရဲ့ အင်အားကြီးမားတဲ့ အရွယ်အစားပမာဏ (ဥပမာ- ဆန္ဒပြသူ လူတသန်းအထက် ရှိတာ)နဲ့ တိုက်ပွဲပုံစံမျိုးစုံနဲ့ ခွဲလှုပ်ရှားနိုင်မှု၊
(၂) လုံခြုံရေးတပ်ဖွဲ့တွေပဲဖြစ်ဖြစ်၊ ဖိနှိပ်သူ ခေါင်းဆောင်မှုထဲမှာပဲဖြစ်ဖြစ်၊ အရပ်သား အုပ်ချုပ်ရေးယန္တရားမှာပဲ ဖြစ်ဖြစ် လူထုလှုပ်ရှားမှုဘက်ကို ဘက်ပြောင်းလာမှုနဲ့
(၃) ဖိနှိပ်တဲ့အစိုးရကို နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေးနဲ့ စစ်ရေးတွေအရ ကျောထောက်နောက်ခံပေးထားတဲ့ အင်အားကြီးနိုင်ငံက ထောက်ခံတာကို ရပ်ဆိုင်းပစ်မှုတွေဟာ ဖိနှိပ်သူတွေအတွက် ကိုယ့်ရှူးကိုယ်ပတ် ဖြစ်စေတဲ့ အကြောင်းသုံးချက်ပါပဲ။

ဒီအကြောင်းသုံးချက်ပေါင်းဆုံရင် လူထုလှုပ်ရှားမှုတွေရဲ့ အောင်မြင်နိုင်ခြေဟာ ၈၅ ရာခိုင်နှုန်းရှိတယ်လို့ တွေ့ရပါတယ်။ အင်အားကြီးနိုင်ငံက ဖိနှိပ်တဲ့အစိုးရကို ဆက်ထောက်ခံနေစေကာမူ၊ အုပ်စိုးသူတွေထဲက ဘက်ပြောင်းလာတာ မရှိစေကာမူ လူထုလှုပ်ရှားမှုက အင်အားကြီးနေတယ်ဆိုရင် အောင်မြင်နိုင်ခြေက ၂၀ ရာခိုင်နှုန်းအထက် ရှိနေသေးတယ်လို့ ဆိုပါတယ် **(စာမျက်နှာ-၄ တွင် ဖော်ပြထားသော ပုံကားချပ်ကိုကြည့်ရန်)**။

လူထုလှုပ်ရှားမှုဆိုရာမှာ လမ်းတွေထက်မှာ လူတွေ ထုနဲ့ထည်နဲ့ စုစည်းပြီး ဆန္ဒပြတဲ့၊ စိန်ခေါ်တဲ့ နည်းနာတွေ methods of concentration သုံးသလို၊ လမ်းပေါ်မထွက်ဘဲ ဖြန့်ခွဲတိုက်ပွဲနည်းနာတွေဖြစ်တဲ့ စားသုံးသူသပိတ်၊ သံပုံးတီးသပိတ်၊ အစိုးရအလုပ်ခွင်အတွင်း ထော်လော်ကန့်လန့် အနှောင့်အယှက်ပြုတဲ့သပိတ်၊ အသံတိတ်သပိတ် စတဲ့ methods of dispersion ကိုလည်း ပေါင်းစပ်ကျင့်သုံးတာ ပါဝင်ပါတယ်။ ဒီလိုပေါင်းစပ်နိုင်မှ နည်းနာကြွယ်ဝတာမို့ အောင်မြင်မှုနဲ့ ပိုနီးစပ်တယ်လို့ လူထုလှုပ်ရှားမှုဆိုင်ရာ ထိပ်တန်းသုတေသီတွေ အားလုံးလိုလိုက အထောက်အထားများစွာနဲ့ ဖော်ထုတ်ထားခဲ့ကြပြီး ဖြစ်ပါတယ်။

## ■ ဖြစ်တန်ခြေအကဲဖြတ်ချက်

အခုလို နည်းနာကြွယ်ဝတဲ့ လူထုလှုပ်ရှားမှုတွေ ပုံစံအမျိုးမျိုးနဲ့ ဆက်ဖြစ်နေမယ်ဆိုရင် စစ်ကောင်စီရဲ့ တရားဝင်မှုအကျပ်အတည်း ကြီးမားလွန်းတာကြောင့် မြေပြင်တည်ငြိမ်မှုနဲ့ လူထုပူးပေါင်းမှုကို လာမယ့်နှစ်ပိုင်းအတွင်း ရနိုင်ဖွယ် မမြင်ပါဘူး။ ဒါကြောင့် စစ်ကောင်စီရဲ့ လမ်းပြမြေပုံအတိုင်း နှစ်နှစ်ခွဲအတွင်း ယုံကြည်လောက်စရာ ရွေးကောက်ပွဲတွေ ဖြစ်လာဖွယ် လုံးဝမရှိနိုင်ဘူးလို့ အကဲဖြတ်ပါတယ်။ တဖက်ကလည်း လူထုရဲ့ စစ်တပ်အုပ်ချုပ်ခွင့်မရစေရေး နည်းမျိုးစုံနဲ့ ဆန္ဒဖော်ထုတ်တဲ့ လှုပ်ရှားမှု expressive participation ကို နိုင်ငံရေးရလဒ်အဖြေထွက်အောင် မဟာဗျူဟာကျတဲ့လှုပ်ရှားမှု strategic participation ဖြစ်အောင် ဘယ်လိုချိတ်ဆက်ပေးနိုင်မလဲ ဆိုတာကတော့ နွေဦးတော်လှန်ရေး ခေါင်းဆောင်မှုအတွက် အဓိကစိန်ခေါ်မှုတရပ်အဖြစ် ရှိနေဦးမှာဖြစ်ပါတယ်။ ■

## လူထုထောက်ခံမှု အရွယ်အစား၊ ဖိနှိပ်သူအစိုးရ၏ နိုင်ငံတကာမဟာမိတ်နှင့် ပြည်တွင်းလုံခြုံရေး/အရပ်ဘက်တို့မှ ဘက်ပြောင်းထောက်ခံခြင်းတို့၏ လူထုလှုပ်ရှားမှုအောင်ပွဲအပေါ် သက်ရောက်နိုင်ခြေ

နိုင်ငံသိပ္ပံပညာရှင် Erica Chenoweth ၏ သုတေသနသရုပ်ပြပုံကို ပိုမိုပေါ်လွင်အောင် ပြန်လည်ရေးဆွဲ ဘာသာပြန်ဆိုဖော်ပြခြင်း ဖြစ်ပါသည်။

